# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၁၁ ရက်မြောက်နေ့အစီအစဉ်

# [၁၇-၇-၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်များ၌ နောက်ဖေးလမ်းကြားများ အမှိုက်ပုံနေ၍ မီးလောင်မှု အန္တရာယ် စိုးရိမ်နေကြခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ပုဂံ၊ ညောင်ဦးမြို့ နှစ်မြို့ အတွက် အမှိုက်သယ်ယာဉ်(တစ်ပါ) (၆)စီး ပံ့ပိုးပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ဖာပွန်မြို့တွင် အစိုးရတည်းခို ရိပ်သာ(သို့) ဧည့်ရိပ်သာတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **နွယ်ခွေ- တိုးရဲ့- မြောက်ဥက္ကလာပ အမှတ်(၃)လမ်းသွယ်အား နိုင်ငံတော်မှ ပြန်လည် ခင်းပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်အတွင်း ဖြတ်သန်းသွားလာသော အဝေးပြေးလမ်းမကြီးအား မြို့ရှောင်လမ်း ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **သုံးခွမြို့နယ် ရေထိန်းတံခါး(၃)ခုတွင် ရေတံခါးများအား လျှပ်စစ်မော်တာဖြင့် အမြန်ဖွင့်/ပိတ် ပြုလုပ်၍ရအောင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နှင့် တကောရေထိန်းတံခါးမှ သုံးခွမြို့(၂)ရပ်ကွက် တပင်ရွှေထီးလမ်း၊ သုံးခွရေထိန်းတံခါးမှ နံ့ယောကျေးရွာနှင့် အနောက်ကျေးရွာ ဘုရားလေးလမ်းသို့ ဆက်သွယ်သောလမ်းများအား ကွန်ကရစ်လမ်းများ အဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **တန်ဖိုးနည်း Mobile Phoneများ အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးရန်နှင့် တိုင်စိုက်ရန် အချိန်ကြာမည် ဆိုပါက နီးစပ်ရာ မြို့နယ်/ကျေးရွာများရှိ ဖုန်းတိုင်များဖြင့် ဆက်သွယ် အသုံးပြု၍ ရရှိနေသော Mobile Phone များကို မြောင်မြို့အတွက် ခွဲတမ်းချ ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်(ကိုယ်စား) ဦးစိန်ထွန်း၊ ထန်းတပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်အတွင်း ဗဟိုကျသည့် ကျေးရွာများတွင် GSM/ CDMA(တာဝါတိုင်)စခန်းများအမြန်ဆုံး တည်ဆောက်ပေးပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးခင်မောင်ညို၊ လှိုင်ကော် မဲဆန္ဒနယ်၏ **တန်ဖိုးနည်း Mobile Phoneများ လိုအပ်သော ပြည်သူများအတွက် ဝယ်ယူသုံးစွဲနိုင်ရန် နိုင်ငံတော် အစိုးရမှ မည်ကဲ့သို့ အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **သုံးခွမြို့နယ်တွင် Mobile Phone များ သုံးစွဲရာတွင် ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ ဖုန်းခေါ်ဆိုမှု ခက်ခဲခြင်းများသည် မည်သည့် အကြောင်းကြောင့် ဖြစ်ရခြင်းနှင့် အလွယ်တကူ ခေါ်ဆို၍ရအောင် မည်သို့ ဆောင်ရွက် ပေးနိုင်မည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ် က **“ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ **“ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက **“ ၂၀၁၃ ခုနှစ်၊ စာချုပ်တော် အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၀။ **“ ၂၀၁၃ ခုနှစ်၊ စာချုပ်တော် အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။